ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
စီးပွားရေးရာဝန်ကြီးဌာန
(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံရောင်းချခြင်း
ကြေငြာချက်( ၁ /၂၀၂၆-၂၀၂၇ )
၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

၁။ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် (၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ)(၁)နှစ်တာကာလအတွက် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အရပ်ရပ်အခွင့်အရေးလိုင်စင်များနှင့် ပတ်သက်၍ သားသတ်လိုင်စင်များ၊ အပေါင်ဆိုင်အခွင့်အရေးလိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ အခြားအခွင့်အရေးလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည် ဖြစ်ကြောင်း ကြေငြာအပ်ပါသည်-

| စဉ် | ရောင်းချမည့်အစီအစဉ် | ရောင်းချမည့်နေ့ရက်နှင့်အချိန် | လျှောက်လွှာတင်သွင်းမှု ပိတ်သိမ်းမည့် နေ့ရက်/ အချိန် |
|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၂.၁.၂၀၂၆(တနင်္လာနေ့) | ၉.၁.၂၀၁၆(သောကြာနေ့) |
| | | (နံနက် ၁၀း၀၀ နာရီ) | (ညနေ ၄း၃၀ နာရီ) |
| ၂ | ဒုတိယအကြိမ် | ၂၀.၁.၂၀၂၆(အင်္ဂါနေ့) | ၁၉.၁.၂၀၁၆(တနင်္လာနေ့) |
| | | (နံနက် ၁၀း၀၀ နာရီ) | (ညနေ ၄း၃၀ နာရီ) |
| ၃ | တတိယအကြိမ် | ၂၇.၁.၂၀၂၆(အင်္ဂါနေ့) | ၂၆.၁.၂၀၁၆(တနင်္လာနေ့) |
| | | (နံနက် ၁၀း၀၀ နာရီ) | (ညနေ ၄း၃၀ နာရီ) |
| ၄ | ချိတ်ပိတ်တင်ဒါ | ၃.၂.၂၀၂၆(အင်္ဂါနေ့) | ၂.၂.၂၀၁၆(တနင်္လာနေ့) |
| | | (နံနက် ၁၀း၀၀ နာရီ) | (ညနေ ၄း၃၀ နာရီ) |
| ၅ | အခြားနည်း | ၁၀.၂.၂၀၂၆(အင်္ဂါနေ့) | ၉.၂.၂၀၁၆(တနင်္လာနေ့) |
| | | (နံနက် ၁၀း၀၀ နာရီ) | (ညနေ ၄း၃၀ နာရီ) |

၂။ လိုင်စင်လျှောက်ထားလိုသူများသည် လိုင်စင်လျှောက်လွှာနှင့် လိုင်စင်စည်းကမ်း တစ်စုံလျှင် ကျပ် ၁၅၀၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်နှုန်းတိတိ/-)ဖြင့် အဖွဲ့ရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းပြည့်စုံစွာဖြင့် လိုင်စင်ရောင်းချမည့် နေ့ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ ရုံးချိန်အတွင်း တင်ပြလျှောက်ထားရမည်-

(က ) လိုင်စင်လျှောက်ထားသူ၏ ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားမှုရင်းနှင့် မိတ္တူ၊
( ခ ) လ.ဝ.က အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မူရင်း၊
( ဂ ) စားပွဲတင်အာမခံပေးသွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့်(POP)
(ဃ ) သက်ဆိုင်ရာ လိုင်စင်တစ်ခုချင်းစီအတွက် သတ်မှတ်ကြမ်းခင်းဈေးတန်ဘိုးထက်လျော့နည်းခြင်း မရှိသည့် လျှောက်ထားသူအမည်ပေါက် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်ဦး/ အိမ်/ မြေ) ဂရန်မူရင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးသည့် မြေယာ ပိုင်ဆိုင်မှု အထောက်အထား မူရင်း သို့မဟုတ် လေလံလျှောက်ထားသူပိုင် မြန်မာ့စီးပွားရေးဘဏ်ငွေစုလက်မှတ်/ ငွေစုစာအုပ် မူရင်းများ၊ အာမခံတင်သွင်း သည့်အိမ်ခြံမြေ၏ ရှေ့/ နောက်/ ဝဲ/ ယာ ဓါတ်ပုံ(၄)ပုံ၊
( င ) မြေပိုင်ဆိုင်ကြောင်း အဆောက်အဦး၊ မြေတည်ရှိရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

Desktop Data\AC2021-22 Mini Lay Las Files\21-22 Mini Lay Las Notic (1)

(စ) မြို့နယ်ပြင်ပမှုဖြစ်ပါက စည်ပင်သာယာရေးဆိုင်ရာအခွန်ကြွေးကျန် ကင်းရှင်းကြောင်းနှင့် နာမည်ပျက်စာရင်းကြေငြာ၍ လေလံဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများ၊ ၄င်းနှင့်အတူနေ အိမ်ထောင်စုစာရင်းဝင် ပုဂ္ဂိုလ်များမဖြစ်ကြောင်း သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့ ထောက်ခံချက်၊

(ဆ) ဆွဲဝယ်လုပ်ကိုင်မည့်သူပိုင် မြန်မာ့စီးပွားရေးဘဏ်ငွေစုလက်မှတ်မှုရင်း သို့မဟုတ် ငွေစုစာအုပ်မှုရင်း တို့ကိုအာမခံ တင်သွင်းပါက ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိရာထူးဖြင့် ရေးသားထားသော ငွေထုတ်ယူ ခွင့်အမိန့်(POP)

(ဇ) လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် သတ်မှတ်ဈေးနှုန်း(သယ်ယူပို့ဆောင်ခ ဈေးနှုန်း၊ နေ့စဉ်ကောက်)များနှင့် စပ်လျဉ်း၍ သတိပေးအရေးယူခံရခြင်းရှိ/မရှိ လိုင်စင် စည်းကမ်း ဖောက်ဖျက်ခြင်းရှိ/မရှိ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့ ထောက်ခံချက်၊

(ဈ) သားသတ်လိုင်စင်လျှောက်ထားသူသည် မြို့ရွာ လူနေရပ်ကွက်၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့်ဝေးသော၊ ရေအလုံအလောက်ရရှိနိုင်သော၊ လုံခြုံသော၊ ဝန်းခြံအကာ အရံရှိသော သားသတ်ရုံအဖြစ်ဆောင်ရွက်မည့် မြေနေရာ အလုံအလောက်ပိုင်ဆိုင်မှုရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ည) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်၊

(ဋ) အခွန်ကြွေးကျန်ကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၏ ထောက်ခံချက်၊

၃။ အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်ဝင်ရောက်ဆွဲဝယ်ရာတွင် ဈေးပြိုင်စနစ်ဖြင့် လိုင်စင်အောင်မြင်စွာ ဆွဲဝယ်ရရှိပါက ပေးသွင်းရမည့်လိုင်စင်ကြေး ၅ပုံ ၁ပုံ သို့မဟုတ် အကြေ သို့မဟုတ် တိုင်းဒေသကြီးပြင်ပ၅၀% တို့အား ပေးသွင်းရမည်။ လိုင်စင်အောင်မြင်သူများ၏ လိုင်စင်ကြေးငွေ ၁၀ပုံ ၁ပုံ အာမခံငွေအား လိုင်စင်အောင်မြင်စွာ ဆွဲဝယ်ရရှိပြီးသည်နှင့်တစ်ပြိုင်တည်း စားပွဲတင်အာမခံငွေအဖြစ် တင်သွင်းထားသည့် ငွေထုတ်ယူခွင့် အမိန့်(POP)မှ ခုနှိမ်ပေးသွင်းနိုင်ပြီး လိုင်စင်မအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေများကို လေလံပွဲပြီးဆုံးပြီး (၁၀)ရက်အကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

၄။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာများအား သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်းနှင့် သတ်မှတ်ထားသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိပါက လိုင်စင်ရောင်းချရေးအဖွဲ့မှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လိုင်စင်ဆွဲဝယ်စဉ်အတွင်း လိုင်စင်ဈေးနှုန်းမြင့်တက်လာပါ၍ လိုအပ်သည့် စားပွဲတင်အာမခံငွေကို ထပ်မံ ပေးသွင်းရန် လိုင်စင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားဖြင့် ထပ်မံတင်သွင်းရမည်။ တင်သွင်းနိုင်ခြင်းမရှိပါက လိုင်စင်ဆွဲဝယ်ခွင့် ပယ်ဖျက်ခြင်းခံရမည့်အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေကို သိမ်းယူခြင်းခံရမည်၊

၆။ အခွင့်အရေးလိုင်စင်များ တစ်ခုခြင်းရောင်းချခြင်းကို လိုင်စင်ဆွဲဝယ်ခွင့်လျှောက်ထားသူအမည် စာရင်းတင်သွင်းသူကိုယ်တိုင် ဆွဲဝယ်ရမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ အမှန်တကယ် ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိက တာဝန်ဝတ္တရား နှောက်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၇။ အခွင့်အရေးလိုင်စင်များအား လိုင်စင်တစ်ခုခြင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ သက်တမ်းတိုးစနစ်ဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်အညီအမျှခွဲဝေရောင်းချစနစ်ဖြင့် လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ပါသည်။တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရမှတပါး မည်သည့် ပုဂ္ဂိုလ်အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၈။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လိုင်စင်ယှဉ်ပြိုင်ရန်အတွက် လိုင်စင်ခန်းမ အတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လိုင်စင်ခန်းမတွင်း လိုင်စင်တစ်ခုခြင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ် သိမ်းယူပြီး အမည်ပျက် စာရင်းတင်သွင်းမည်။ သို့ရာတွင် (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်မည့် လိုင်စင်ကြေးသည် ကြမ်းခင်းဈေး၏ ၅၀% နှင့်အထက် မြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

Desktop Data AC2021-22 Mini Lay Lan Files21-22 Miss Laylan Notic (2)

၉။ လိုင်စင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်း တင်ပြမြင်ယူဆပါက လိုင်စင်ရောင်းချရေးအဖွဲ့အနေဖြင့်လိုင်စင်ရောင်းချခြင်းအား ပါယ်ဖျက်ပြီးနောက် တစ်ကြိမ်ပြန်လည်ရောင်းချသွားမည်။ ယင်းသို့ဆောင်ရွက်ချက်ကို လိုင်စင်အမှုတွဲတွင် မှတ်တမ်းတင်ထားရှိရမည်။

၁၀။ လိုင်စင်ယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူနှစ်ဦးစလုံးအား လိုင်စင်ဆွဲဝယ်ခွင့်ကိုရုပ်သိမ်းပြီးၤင်းတို့အား နာမည်ပျက်စာရင်းတင်သွင်းကြေငြာမည်။ လိုင်စင်ချထားပြီးဖြစ်ပါက လိုင်စင်ကိုပြန်လည်ရုပ်သိမ်း၍ အသစ်တစ်ဖန်ပြန်လည်ရောင်းချမည်။

၁၁။ လိုင်စင်ဆွဲဝယ်လုပ်ကိုင်ခွင့်ရရှိသူသည် လိုင်စင်ကြေးငွေကျပ်(၂၀)သိန်းနှင့်အောက်ဖြစ်ပါက လိုင်စင်ကြေးငွေအား တစ်ကြိမ်တည်း အပြေအကြေ ပေးသွင်းရမည်။

၁၂။ လိုင်စင်ရောင်းချသည့်နေ့တွင် မပြီးပြတ်ဘဲကျန်နေပါက နောက်တစ်ရက်တွင် ဆက်လက်လိုင်စင်ရောင်းချမည်ဖြစ်သည်။

၁၃။ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်(၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ) အရပ်ရပ်အခွင့်အရေးလိုင်စင်များ လိုင်စင်ဝင်ရောက်ယှဉ်ပြိုင်ဆွဲဝယ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဖွင့်ရက် ရုံးချိန်များအတွင်းလူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းအမှတ် (၀၅၃-၅၅၆၇၁)သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
( ခင်ဇော် ၊ ဦးစီးအရာရှိ )

စာအမှတ်၊ ၁၀၈၂ /ဃ-၂ /ရတ-၂ (၀၀၁)
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

ဖြန့်ဝေခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိစည်ပင်သာယာရေးအဖွဲ့များအားလုံး၊.................................မြို့
အုပ်ချုပ်ရေးမှူး၊ ..........................................ရပ်ကွက်၊ ကျေးရွာ
လိုင်စင်စီဟောင်းများအားလုံးနှင့် အခြားစိတ်ဝင်စားသူများ
ကြော်ငြာသင်ပုန်း

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့
ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ ရွှေတောင်မြို့
ရုံးလက်ခံစာတွဲ
မျှောစာတွဲ

နောက်ဆက်တွဲ

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်(၁)နှစ်တာကာလ

လေလံတင်ရောင်းချမည့် အခွင့်အရေးလိုင်စင်များ၏စားပွဲတင်အာမခံငွေနှင့် ကြမ်းခင်းဈေးများ

| စဉ် | | လိုင်စင်အမည် | စားပွဲတင်ငွေ | ကြမ်းခင်းဈေး |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| | သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်လိုင်စင်များ | | | |
| (က) | သားသတ်လိုင်စင်များ(အညီအမျှစနစ်) | | | |
| | (၁) | ရွှေတောင်အမဲဆိုင် | ၂၆၁၀၀၀၀ | ၅၂၂၀၀၀၀ |
| | (၂) | နွားမယဲအမဲဆိုင် | ၃၁၅၀၀၀၀ | ၆၃၀၀၀၀၀ |
| | (၃) | ကျီးသဲအမဲဆိုင် | ၂၈၂၀၀၀၀ | ၅၆၄၀၀၀၀ |
| | (၄) | မြေနီဝ-ထန်းကုန်းအမဲဆိုင် | ၅၉၅၅၀၀၀ | ၁၁၉၁၀၀၀၀ |
| | (၅) | ညောင်စာရေးအမဲဆိုင် | ၁၉၅၀၀၀၀ | ၃၉၀၀၀၀၀ |
| | (၆) | တရုတ်မှော်အမဲဆိုင် | ၁၀၀၀၀၀၀ | ၂၀၀၀၀၀၀ |
| | (၇) | ကျွဲတလင်းအမဲဆိုင် | ၁၀၀၀၀၀၀ | ၂၀၀၀၀၀၀ |
| | (၈) | ယင်းမှုကုန်းအမဲဆိုင် | ၇၅၀၀၀၀ | ၁၅၀၀၀၀၀ |
| | (၉) | ကျွေ့မအမဲဆိုင် | ၇၅၀၀၀၀ | ၁၅၀၀၀၀၀ |
| | (၁၀) | ရွှေတောင်ဝက် | ၁၀၅၀၀၀၀ | ၂၁၀၀၀၀၀ |
| | (၁၁) | ထန်းကုန်းဝက် | ၁၄၅၀၀၀၀ | ၂၉၀၀၀၀၀ |
| | (၁၂) | နွားမယဲဝက် | ၂၁၀၀၀၀၀ | ၄၂၀၀၀၀၀ |
| | (၁၃) | ကျီးသဲဝက် | ၄၄၂၅၀၀၀ | ၈၈၅၀၀၀၀ |
| | (၁၄) | ညောင်စာရေးဝက် | ၇၀၀၀၀၀ | ၁၄၀၀၀၀၀ |
| | (၁၅) | ကျွဲတလင်းဝက် | ၃၀၅၀၀၀၀ | ၆၁၀၀၀၀၀ |
| | (၁၆) | တပူစားဝက် | ၂၂၅၀၀၀၀ | ၄၅၀၀၀၀၀ |
| | (၁၇) | ရွှေတောင်ဆိတ် | ၁၅၀၀၀၀၀ | ၃၀၀၀၀၀၀ |
| | (၁၈) | နွားမယဲဆိတ် | ၂၇၀၀၀၀ | ၅၄၀၀၀၀ |
| | | ပေါင်း | ၆၉၇၂၀၀၀၀ | ၁၃၉၄၄၀၀၀၀ |
| (ခ) | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | | | |
| | (၁) | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၁၀၇၆၅၀၀၀၀ | ၂၁၅၃၀၀၀၀၀ |
| | | ပေါင်း | ၁၀၇၆၅၀၀၀၀ | ၂၁၅၃၀၀၀၀၀ |

အမှုဆောင်အရာရှိ

( ခင်ဇော် ၊ ဦးစီးအရာရှိ )

Desktop Data\AC2021-22 Mini Lay Lan Files\21-22 Mini Laylan Note (4)

နောက်ဆက်တွဲ

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်(၁)နှစ်တာကာလ

လေလံတင်ရောင်းချမည့် အခွင့်အရေးလိုင်စင်များ၏စားပွဲတင်အာမခံငွေနှင့် ကြမ်းခင်းဈေးများ

| စဉ် | | လိုင်စင်အမည် | စားပွဲတင်ငွေ | ကြမ်းခင်းဈေး |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| (က) | အပေါင်ဆိုင်လိုင်စင်များ | | | |
| | (၁) | ကျိုးသဲအပေါင်ဆိုင်(၁) | ၄၉၂၅၀၀ | ၉၈၅၀၀၀ |
| | (၂) | ညောင်စာရေးအပေါင်ဆိုင် | ၂၅၅၀၀၀ | ၅၁၀၀၀၀ |
| | (၃) | ဆိုးထိမ်းကုန်းအပေါင်ဆိုင် | ၂၉၄၅၀၀ | ၅၈၉၀၀၀ |
| | (၄) | မြို့မအပေါင်ဆိုင် | ၂၄၅၀၀၀ | ၄၉၀၀၀၀ |
| | (၅) | ရွှေကျွန်းကုန်းအပေါင်ဆိုင် | ၄၉၂၅၀၀ | ၉၈၅၀၀၀ |
| | (၆) | မကျိုးပေါက်ကုန်းအပေါင်ဆိုင် | ၂၄၅၀၀၀ | ၄၉၀၀၀၀ |
| | (၇) | ကညွှမ်းအပေါင်ဆိုင် | ၂၄၅၀၀၀ | ၄၉၀၀၀၀ |
| | (၈) | ကုန်းတန်းကြီးအပေါင်ဆိုင် | ၂၄၅၀၀၀ | ၄၉၀၀၀၀ |
| | (၉) | ရွှေတောင်အပေါင်ဆိုင် | ၃၀၅၀၀၀ | ၆၁၀၀၀၀ |
| | | ပေါင်း | ၂၈၁၉၅၀၀ | ၅၆၃၉၀၀၀ |

အမှုဆောင်အရာရှိ

( ခင်ဇော် ၊ ဦးစီးအရာရှိ )

နောက်ဆက်တွဲ

## ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် (၁)နှစ်တာကာလ
## လေလံတင်ရောင်းချမည့် အခွင့်အရေးလိုင်စင်များ၏စားပွဲတင်အာမခံငွေနှင့် ကြမ်းခင်းဈေးများ

| စဉ် | | လိုင်စင်အမည် | စားပွဲတင်ငွေ | ကြမ်းခင်းဈေး |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| | ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်လိုင်စင် | | | |
| (က) | ဈေးကောက်လိုင်စင်များ | | | |
| | (၁) | ရွှေတောင်မြို့မဈေးပုံကျဈေးကောက် | ၇၄၂၅၀၀၀ | ၁၄၈၅၀၀၀၀ |
| | (၂) | ကျီးသဲဈေးပုံကျဈေးကောက် | ၁၆၈၀၀၀၀ | ၃၃၆၀၀၀၀ |
| | (၃) | ညောင်စာရေးဈေးပုံကျဈေးကောက် | ၁၅၆၀၀၀၀ | ၃၁၂၀၀၀၀ |
| | | ပေါင်း | ၁၀၆၆၅၀၀၀ | ၂၁၃၃၀၀၀၀ |
| (ခ) | ကူးတို့လိုင်စင် | | | |
| | (၁) | ရွှေတောင်-မြို့မ-ကျီးသဲကူးတို့ | ၁၄၀၀၀၀ | ၂၈၀၀၀၀ |
| | (၂) | ကျီးသဲ-မြစိမ်းကျွန်းကူးတို့ | ၂၆၀၀၀၀ | ၅၂၀၀၀၀ |
| | (၃) | တရုတ်မော်-သာဓိကျွန်းကူးတို့ | ၁၉၅၀၀၀ | ၃၉၀၀၀၀ |
| | | ပေါင်း | ၅၉၅၀၀၀ | ၁၁၉၀၀၀၀ |
| (ဂ) | အခြားလိုင်စင်များ | | | |
| | (၁) | ရွှေတောင်ဈေးစက်ဘီးအပ်ခကောက် | ၃၈၈၀၀၀၀ | ၇၇၆၀၀၀၀ |
| | (၂) | ထန်းကုန်းတိရစ္ဆာန်နွားပွဲဈေးကောက် | ၆၀၅၀၀၀ | ၁၂၁၀၀၀၀ |
| | (၃) | ရွှေတောင်ဈေးအိမ်သာဝင်ကြေးကောက် | ၅၈၀၀၀၀ | ၁၁၆၀၀၀၀ |
| | (၄) | ကျီးသဲဈေးအိမ်သာဝင်ကြေးကောက် | ၁၆၅၀၀၀ | ၃၃၀၀၀၀ |
| | (၅) | မြို့တွင်းယာဉ်ရပ်နားခွန်ကောက် | ၃၈၅၀၀၀ | ၇၇၀၀၀၀ |
| | | ပေါင်း | ၅၆၁၅၀၀၀ | ၁၁၂၃၀၀၀၀ |
| | | စုစုပေါင်း | ၁၉၇၀၆၄၅၀၀ | ၃၉၄၁၂၉၀၀၀ |

အမှုဆောင်အရာရှိ
( ခင်ဇော် ၊ ဦးစီးအရာရှိ )

Desktop Data\AC2021-22 Mini Lay Lan Files\21-22 Mini Laylan Note (6)